ICRC

**အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)**

# လွတ်လပ်ခွင့်ဆုံးရှုံးနေသူများ၊ ၎င်းတို့၏မိသားစုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသော ကျွန်ုပ်တို့၏ လုပ်ငန်း

လွတ်လပ်ခွင့်ဆုံးရှုံးနေသူတိုင်းသည် မည်သည့်အကြောင်းကြောင့် ဖမ်းဆီးခံရသည်ဖြစ်စေ၊ အကျဉ်းကျခံနေရသည် ဖြစ်စေ၊ ၎င်းတို့ကို ဂုဏ်သိက္ခာရှိရှိနှင့် အလေးထား၍ လေးစားစွာဆက်ဆံခြင်းအား ရရှိခံယူထိုက်ပါသည်။ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ၊ အကျဉ်းကျခံနေရသူများသည် ဘေးဖြစ်နိုင်ခြေ အလားအလာရှိသူများ ဖြစ်ပါသည်။ ၎င်းတို့သည် ၎င်းတို့၏ဘဝကို ကိုယ်တိုင်စီမံပိုင်ခွင့် မရှိဘဲ ၎င်းတို့၏ နေ့စဉ်လိုအပ်ချက်၊ နေထိုင်မှုအခြေအနေများနှင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြည့်စုံမှုများအတွက် အကျဉ်းထောင်တာဝန်ရှိသူများ အပေါ် မှီခိုနေကြရပါသည်။ တစ်ချိန်တည်းမှာပင်၊ အကျဉ်းထောင်၊ အကျဉ်းစခန်းများအတွင်းရှိ အခြေခံအဆောက်အအုံများ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များတွင် နည်းစနစ်ဆိုင်ရာ လိုအပ်ချက်များ သို့မဟုတ် မပြည့်စုံမှုများက အကျဉ်းသားတစ်ဦးတစ်ယောက်ခြင်း၏ အခြေအနေအပေါ် မူတည်ခြင်း မရှိဘဲ အကျဉ်းသားများအားလုံးအပေါ် သို့ တစ်နည်းနည်းဖြင့် သက်ရောက်မှုများ ရှိလာနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) သည် အကျဉ်းကျခံမှုဆိုင်ရာ အခြေအနေများကို လေ့လာသိရှိနိုင်ရန် အကျဉ်းသားများထံသို့ သွားရောက်လည်ပတ်ခဲ့သည်မှာ နှစ်ပေါင်း ၁၄၀ ကျော်ခဲ့ပြီ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ယခုလက်ရှိတွင် ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၆၀ ကျော်ရှိ အကျဉ်းသားများထံသို့ သွားရောက်လေ့လာလည်ပတ်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းတာဝန်နှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (အိုင်အိတ်ချ်အယ်လ်) အား ထိန်းသိမ်းစောင့်ရှောက်သူဟူသည့် အခန်းကဏ္ဍတို့နှင့် အညီ၊ လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် အခြားသောအကြမ်းဖက်မှုနှင့် ဆက်နွှယ်၍ ထိန်းသိမ်းခံထားရသူများသည် ကျွန်ုပ်တို့၏ ဦးစားပေး ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့၏ အကျဉ်းထောင်ဆိုင်ရာလုပ်ငန်းမှာ ပိုမိုကျယ်ပြန့်လာပြီး ကျွန်ုပ်တို့သည် ဘေးဖြစ်အလွယ်ကူဆုံးသောသူများကို အဓိကထား၍ အကျဉ်းထောင်၊ အကျဉ်းစခန်းများအတွင်းရှိ အကျဉ်းသားအားလုံးကို ထောက်ပံ့ကူညီသွားရန် ကြိုးပမ်းလျက်ရှိပါသည်။ တော်တော်များများ ကိစ္စရပ်များတွင် ကြုံတွေ့နေရသည့် ပြဿနာများသည် အကျဉ်းသားအားလုံးနှင့် သက်ဆိုင်လျက်ရှိပါသည်။ အကြောင်းရင်းမှာ ထိုပြဿနာများသည် နည်းစနစ်ဆိုင်ရာ လိုအပ်ချက်များ ဖြစ်သောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အိုင်စီအာရ်စီလုပ်ငန်းဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော် ရှိပြီဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေအား လေးစားလိုက်နာမှု ပိုမိုလာစေရန် အားပေးမြှင့်တင်ခြင်း နှင့် လက်နက်ကိုင်ပဋိပက္ခနှင့် အခြားအကြမ်းဖက်မှုကြောင့် ထိခိုက်ခံစားရသူများအား အထောက်အပံ့ပေးခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ၏ ကဏ္ဍအဖြစ် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံရှိ အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ ၁၉၉၉ ခုနှစ် မှစတင်ကာ သွားရောက်လေ့လာလည်ပတ်လျက်ရှိပါသည်။

ကျွန်ုပ်တို့၏ သွားရောက်လေ့လာလည်ပတ်မှုများကို ကိုဗစ်-၁၉ စတင်ဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ် အစောပိုင်း မှစတင်ကာ ခေတ္တယာယီရပ်ဆိုင်းခဲ့ရပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ကိုဗစ်-၁၉ ပြန့်ပွားမှုအား စီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်သည့် အထောက်အပံ့များအား အကျဉ်းထောင်များသို့ ပေးအပ်ခြင်းနှင့် ကျွန်ုပ်တို့၏ လေ့လာလည်ပတ်မှုများ ပြန်လည်ဆောင်ရွက်နိုင်စေရေးနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် နှစ်ဦးနှစ်ဖက် တွေ့ဆုံ ဆွေးနွေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ အကျဉ်းထောင်တာဝန်ရှိသူများနှင့် နှစ်ဦးနှစ်ဖက် တွေ့ဆုံ ကာ အတွင်းရေးကိစ္စရပ်အဖြစ် ထိန်းသိမ်းထားရှိသည့် ဆွေးနွေးမှုများနှင့်အတူ ပုံမှန် သွားရောက်လေ့လာ လည်ပတ်မှုများကို ၂၀၂၄ ခုနှစ် နှောင်းပိုင်းတွင် ပြန်လည်စတင်ခဲ့ပါသည်။

သွားရောက်လေ့လာလည်ပတ်မှုများကို ဆိုင်းငံ့ခဲ့ရစဉ် ကာလအတွင်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လုပ်ငန်း အစီအစဉ်များဖြစ်သည့် မိသားစုခရီးစရိတ်ပံ့ပိုးမှုအစီအစဉ်နှင့် နေအိမ်သို့ ဘေးကင်းလုံခြုံစွာ ပြန်လည်ရောက်ရှိ စေရေးအစီအစဉ်တို့အားဖြင့် အကျဉ်းသားများ၏ မိသားစုများနှင့် အကျဉ်းကျခံနေရာမှ လွတ်မြောက်လာသူများ အား ထောက်ပံ့ခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ထိုအစီအစဉ်များကို ယခုထိတိုင် ဆက်လက် ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်တွင် ကျွန်ုပ်တို့သည် အကျဉ်းထောင်မှလွတ်မြောက်လာသူ ၅,၀၀၀ကျော်အား ထောက်ပံ့ခဲ့ပြီး ၎င်းတို့၏ အိမ်အပြန်ခရီးအား ဂုဏ်သိက္ခာရှိရှိနှင့် ပြန်နိုင်စေရန် ကူညီခဲ့ပါသည်။ ထိန်းသိမ်းခံထားရသည့် ချစ်ခင်ရသည့် မိသားစုဆွေမျိုးများထံသို့ သွားရောက်တွေ့ဆုံလိုသော်လည်း ငွေကြေးဆိုင်ရာအခက်အခဲများကြောင့် သွားရောက် နိုင်ခြင်းမရှိသည့် မိသားစုများသည် အထောက်အပံ့အတွက် ကျွန်ုပ်တို့ထံသို့ ဆက်သွယ်လိုပါက ဆက်သွယ်နိုင် ပါသည်။ ၂၀၂၄ ခုနှစ် အတွင်းတွင် ကျွန်ုပ်တို့သည် အကျဉ်းသားများ၏မိသားစုဝင် ၁,၅၀၀ ကျော်အား ၎င်းတို့၏ ခရီးစရိတ်များကို ကျခံပေးခြင်းဖြင့် ထောက်ပံ့ကူညီခဲ့ပါသည်။ ၂၀၂၄ ခုနှစ် နှောင်းပိုင်းမှစတင်ကာ ကျွန်ုပ်တို့သည် အကျဉ်းသားများနှင့် ၎င်းတို့၏ မိသားစုဝင်များအကြား ကြက်ခြေနီအကြောင်းကြားစာ ၃၀၀ ကျော်ကို ဖလှယ် ပေးခဲ့ပြီး အရေးကြီးသည့် မိသားစုအဆက်အသွယ်များ ပြန်လည်နိုင်ရန်နှင့် အဆက်အသွယ်မပြတ် ထိန်းသိမ်း ထားနိုင်စေရန် ကူညီခဲ့ပါသည်။

ကြားနေ၍ ခွဲခြားမှုမရှိဘဲ လွတ်လပ်စွာဆောင်ရွက်ခြင်းဟူသည့် မူများကို အခြေခံ၍၊ မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်း ရှိ အကျဉ်ထောင်၊ အကျဉ်းစခန်းများတွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် ကျွန်ုပ်တို့၏ လုပ်ငန်းအားဖြင့်၊ ကျွန်ုပ်တို့သည် လွတ်လပ်ခွင့်ဆုံးရှုံးနေသူများ အားလုံးအပေါ် လူသားဆန်သည့်ဆက်ဆံမှုများ ပိုမို အားကောင်း

လာစေရေး မြှင့်တင်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။ ကိန်းဂဏန်းအချက်အလက် တစ်ခုစီတိုင်းသည် လူတစ်ဦးစီကို ကိုယ်စားပြုလျက်ရှိပြီး ထိုသူများသည် မိသားစုကိုပိုင်ဆိုင်ထားသူ၊ အကြောင်းရင်း တစ်ခုခုရှိသူနှင့် ဂုဏ်သိက္ခာရှိရှိ ရှင်သန်နေထိုင်နိုင်ခွင့်ရှိသူ တစ်ဦးဖြစ်ပါသည်။ အကျဉ်းသားများ၊ ၎င်းတို့၏ မိသားစုများနှင့် အကျဉ်းထောင်တာဝန်ရှိသူများအား ကူညီပံ့ပိုးသွားရန် ကျွန်ုပ်တို့၏ ကြိုးပမ်းမှုများကို ဆက်လက်ဆောင်ရွက်ရာတွင် အားလုံးအတွက် အကျဉ်းကျခံမှုဆိုင်ရာ အခြေအနေများ ပိုမိုကောင်းမွန်လာစေရန် ဟူသည့် ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။